ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (21-12-2011) (၆၉၈၀)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတကာအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံမှ ထိုက်တန်သောနေရာကို ပြန်လည်ရရှိရန်နှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်မည်

## ဤလုပ်ဆောင်ချက်များသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကြီးပွားတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Meeting Hall ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အဆွေတော်ဝန်ကြီးချုပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များခင်ဗျား -**

နေပြည်တော်မှာ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကြွရောက်လာကြတဲ့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်အာခါ မိုဟာဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာပြည်သူများမှ လှိုက်လှဲပျူငှာစွာ ကြိုဆိုပါကြောင်းလည်း ပြောကြားလိုပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား အဖွင့်မိန့်ခွန်းပြောကြား




**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Meeting Hall ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၁-၁၂-၂၀၁၁[ဗုဒ္ဓဟူးနေ့]။

# ချမ်းသာကြွယ်ဝသည့်ဒေသခွဲ ဖြစ်စေမည်

ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကြီး အောင်မြင်စွာကျင်းပခဲ့ပြီ ဖြစ်သည်။ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခဲ့သည့် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် နေပြည်တော်ကြေညာချက်ကို မဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များက တညီတညွတ်တည်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်မှာ ကျွန်ုပ်တို့မြန်မာနိုင်ငံသားများအားလုံးအတွက် ဝမ်းမြောက်ဖွယ်ကိစ္စပင်ဖြစ်သည်။

၂၀၀၂ ခုနှစ်မှစတင်၍ သုံးနှစ်တစ်ကြိမ်ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးများတွင် ယခုစတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးသည် မြန်မာနိုင်ငံအတွက် အကျိုးရလဒ်ကောင်းများစွာကို ဖော်ဆောင်နိုင်ခဲ့သည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြပါသည်။ ၂၀၀၂ ခုနှစ်က စတင်ခဲ့သော ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာမူဘောင်သည် လာမည့်နှစ်တွင် ပြီးစီးမည်ဖြစ်ရာ နောက်ထပ် ၁၀ စုနှစ်သစ်အတွက် အကြံဉာဏ်သစ်၊ လုပ်ငန်းသစ်များကို မြန်မာ့မြေတွင် နိုင်ငံခေါင်းဆောင်များက အောင်မြင်စွာ အတည်ပြုနိုင်ခဲ့သည်။

မဲခေါင်ဒေသခွဲ၏ရှုမြင်ချက်ဖြစ်သော ပေါင်းစည်း၍ ကြွယ်ဝချမ်းသာပြီး ညီညွတ်မျှတသည့် မဲခေါင်ဒေသခွဲ ဖြစ်လာစေရေးအတွက်ရည်ရွယ်၍ ရေးဆွဲချမှတ်ထားသည့် မဟာဗျူဟာမူဘောင်သစ်၏လမ်းညွှန်မှုဖြင့် မျှဝေတာဝန်ယူဆောင်ရွက်သော မျိုးဆက်သစ်တစ်ခုဆီသို့ရောက်ရှိရန် အားသွန်ခွန်စိုက်လျှောက်လှမ်းမည့်ဆုံးဖြတ်ချက်များမှာ အလွန်လျော်ကန်သင့်မြတ်ကောင်းမွန်သော ဆုံးဖြတ်ချက်များသာဖြစ်သည်။

အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးစင်္ကြံလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပေါ်ရေး၊ ပို့ဆောင်မှုနှင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ပုဂ္ဂလိကကဏ္ဍမှပိုမိုပါဝင်နိုင်ရေး၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားကုန်သွယ်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ၊ စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် စသည့်ကဏ္ဍများတွင် ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။

ဂျီအမ်အက်စ်နိုင်ငံများအကြား သတင်းအချက်အလက်အမြန်ဆက်ကြောင်းတည်ဆောက်မှုနှင့် အသုံးချမှု၊ အိတ်ချ်အိုင်ဗွီကူးစက်နိုင်မှု လျှော့ချရေးတို့တွင် ပူးပေါင်းလုပ်ဆောင်နိုင်ရန် နားလည်မှုစာလွှာများကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပင်မလယ်ယာစိုက်ပျိုးရေး၊ ထောက်ပံ့မှုအစီအစဉ် အဆင့်-၂သာမက ခရီးသွားလုပ်ငန်းနှင့် လမ်းပြမြေပုံ(၂၀၁၁-၂၀၁၅) တို့ကိုအတည်ပြုနိုင်ခဲ့သည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုများ၏ အောင်မြင်မှုများသည် ကျေနပ်ဝမ်းမြောက်ဖွယ်ရာများပင်ဖြစ်သည်။ ထိုအောင်မြင်မှုများသည် ဒေသခွဲနိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ ပြယုဂ်ကောင်းများပင်ဖြစ်သည်။ ထိုမှ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ရှေ့အနာဂတ်မျှော်မှန်းချက်များ ပိုမိုရှင်သန်ခိုင်မာလာမည်။ မျိုးဆက်သစ်များအတွက်လည်း ယုံကြည်စိတ်ချရသည့် အခြေခံကောင်းများကို ရရှိလာနိုင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးမှ ပေါ်ထွက်လာသည့်အနာဂတ်ကာလအတွက် ချမှတ်သော မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံပါဝင်သည့် မဲခေါင်ဒေသခွဲကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့သည့် ဒေသခွဲအဖြစ်မှ ချမ်းသာကြွယ်ဝသည့်ဒေသခွဲအဖြစ်သို့ ရောက်ရှိစေနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့်အတူ ဂျီအမ်အက်စ်ဝန်ကြီး H.E. Mr. Noulinh SINBANDHIT၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bounkeut SANGSOMSACK၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Thanhsamay KOMMASITH၊ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Phouangparisack PRAVONGVIENGKHAM၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SAYARATH နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး၊ မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး၊ နှစ်နိုင်ငံမြစ်ကူးတံတားတည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် နည်းပညာ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ (သတင်းစဉ်)



## လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော်တို့သည် ဒီဇင်ဘာ ၁၉ ရက် ည ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Bilateral Room ၌ တွေ့ဆုံဆွေးနွေးကြသည်။ (သတင်းစဉ်)



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) Bilateral Room၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၀**

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်ဌေးအောင်နှင့် ဝန်ထမ်းများသည် အဖွဲ့များခွဲ၍ ကျေးရွာအုပ်စု ၇၂ အုပ်စုသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ရက် နံနက် ၉ နာရီက ကင်ပွန်းတောင်အုပ်စု ညောင်ပင်သာကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အား အမြန်ပြီးစီးရေးတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပင်တိုင်၊ ကံဘေးကြီး၊ ချောင်းနက်၊ ပန်းတောငယ်၊ ကန်လှကန်၊ ဘိုကုန်း၊ ညောင်ပင်လှအုပ်စုအတွင်းရှိ စာကြည့်တိုက်များအား သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်မှတ်ပုံတင်ကင်းလွတ်ခွင့်များ ဒီဇင်ဘာလအတွင်း ကြိုးပမ်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

(၅၈၀)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် H.E. Mr. Kittiratt Na-Ranong၊ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Surawit Khonsomboon၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Surapong Tovichakchaikul၊ သတင်းနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး Group Captain Anudith Nakornthap၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Pichai Naripthaphan၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Wittaya Bursnasiri၊ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ မြဝတီ-ကော့ကရိတ်လမ်း ဖောက်လုပ်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍနှင့် ရေအားလျှပ်စစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)



### လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Bilateral Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Bilateral Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတို့အား စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Surapong Tovichakchaikul နှင့် စွမ်းအင်ဝန်ကြီး H.E. Mr. Pichai Naripthaphan တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Bilateral Room (3) ၌ တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



### တွေ့ဆုံဆွေးနွေး

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတို့နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Surapong Tovichakchaikul၊ စွမ်းအင်ဝန်ကြီး H.E. Mr. Pichai Naripthaphan တို့ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# ဖျာပုံမြို့၌ စာပေဟောပြောပွဲ ကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၂၀

ဖျာပုံမြို့ စာပေချစ်သူများ၏ စာဆိုတော်နေ့အထိမ်းအမှတ် (ပထမ)အကြိမ်စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက် ည ၇ နာရီက သီရိအဏ္ဏဝါမြို့တော်ခန်းမ၌ ကျင်းပရာ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက်-အောင်ဝင်း)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

စာပေဟောပြောပွဲတွင် ဆရာမခင်ခင်ထူးက "အညာလေ့ စာလေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာနေဝင်းမြင့်က "ဘဝထဲကစာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမောင်သာချိုက "လူနဲ့တန်ဖိုး"ခေါင်းစဉ်တို့ဖြင့် စာပေရေးရာများ ဟောပြောကြသည်။

(ဝ၆၆)

☆ ရှေ့ဖုံးမှ

မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဂျီအမ်အက်စ်ဝန်ကြီးများနှင့် အခြားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံ့ခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး စင်မြင့်ပေါ်ရှိ Touch Screen ပေါ်တွင် ပြိုင်တူလက်တင်၍ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားမှူးက စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး အောင်မြင်စွာဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် မြန်မာနိုင်ငံ၏ ဂျီအမ်အက်စ်အစီအစဉ်ဆောင်ရွက်မှုများ ဗီဒီယိုပြကွက်ကို ပြသသည်။

ဆက်လက်၍ ဂျီအမ်အက်စ်နိုင်ငံများ၏ မဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်မှုသစ်များပြကွက်နှင့် **"၂၀၁၂ ခုနှစ်အလွန် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး ဆယ်စုနှစ်သစ်ဆီသို့"** ဗီဒီယိုပြကွက်တို့ကို ပြသသည်။

ထို့နောက် **"ပြန်လည်စူးစိုက်ဆောင်ရွက်သည့် ဂျီအမ်အက်စ်ခရီးသွားလုပ်ငန်း မဟာဗျူဟာစာတမ်း"**ကို ဂျီအမ်အက်စ်ခေါင်းဆောင်များကိုယ်စား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ထံ ထိုင်းနိုင်ငံဂျီအမ်အက်စ်ဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး H. E. Mr. Surawit Khonsomboon က ပေးအပ်သည်။

ဆက်လက်၍ **"ပင်မလယ်ယာစိုက်ပျိုးရေးအထောက်အကူပြု အစီအစဉ်အဆင့်(၂) စာတမ်း"**ကို ဂျီအမ်အက်စ်ခေါင်းဆောင်များကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်တို့ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Xie Xuren ကလည်းကောင်း၊ **"ပင်မပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုစကြံ ကနဦးအစီအစဉ်မူဘောင်စာတမ်း"**ကို ဂျီအမ်အက်စ်ခေါင်းဆောင်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Nulinh Sinbandhit ကလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် **"ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင်စာတမ်း"**ကို ဂျီအမ်အက်စ်ခေါင်းဆောင်များကိုယ်စား စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး သဘာပတိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကမ္ဘောဒီးယားနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Cham Prasidh က ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ် ကာလအထိ ဆောင်ရွက်မည့် ဤဂျီအမ်အက်စ်မဟာဗျူဟာမူဘောင်ကို ယနေ့ နေပြည်တော်တွင် ကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတွင် တရားဝင်အတည်ပြုကြောင်း ဂျီအမ်အက်စ်ခေါင်းဆောင်များကိုယ်စား ကြေညာသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က စတုတ္ထအကြိမ် ဂျီအမ်အက်စ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေး၏ စီးပွားရေးဆိုင်ရာ အဓိကအကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sun Anmin က ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လက်ရှိဂျီအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Mr. Sun Anmin က ဂျီအမ်အက်စ်စီးပွားရေး ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ Touch Screen ပေါ်တွင် ပြိုင်တူလက်တင်၍ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)



**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်ထံ "ပင်မပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုစကြံ ကနဦးအစီအစဉ် မူဘောင်စာတမ်း"ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Nulinh Sinbandhit က ပေးအပ်စဉ်။**

(သတင်းစဉ်)



**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်ထံ "ပင်မလယ်ယာစိုက်ပျိုးရေး အထောက်အကူပြုအစီအစဉ် အဆင့်(၂)စာတမ်း" ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H. E. Mr. Xie Xuren က ပေးအပ်စဉ်။**

(သတင်းစဉ်)



**လက်ရှိ ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Mr. Sun Anmin က ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ လွှဲပြောင်းပေးအပ်စဉ်။**

(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့မှ မြေပဲဆီ ၁၃ မျိုးကို ဈေးကွက်နမူနာဝယ်ယူ၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ဆပ်ပြာပါဝင်မှုမရှိကြောင်း တွေ့ရ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဈေးသက်သာသောစားအုန်းဆီများကို မခဲစေရန်နှင့် အရောင်ကြည်လင်မှုရှိစေရန် အနံ့မပြင်းသည့် ဆပ်ပြာမှုန့်နှင့် အပူပေးရောကျိုပြီး မြေပဲဆီအနံ့ထည့်ကာ မြေပဲဆီအဖြစ် လိမ်လည်ရောင်းချလျက်ရှိကြောင်း သတင်းများဖြစ်ပေါ်ခဲ့သည့်အတွက် စိစစ်နိုင်ရန် ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက နိုဝင်ဘာ ၄ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့နယ်၊ တာမွေမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ မြေပဲဆီ ၁၃ မျိုးကို ဈေးကွက်နမူနာဝယ်ယူ၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ ဆပ်ပြာပါဝင်မှု (Soap Content) မရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

သို့သော် စားသုံးသူပြည်သူများအနေဖြင့် ဤကဲ့သို့ စားသုံးဆီအပါအဝင် စားသောက်ကုန်များနှင့် စပ်လျဉ်း၍ မလိုလားအပ်သော ပြုပြင်ရောနှောလုပ်ဆောင်သည့် မသမာမှုများအား သတိထားစောင့်ကြပ်ကြည့်ရှုကြရန်နှင့် မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပေးပို့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






# မဲခေါင်ဒေသခွဲနိုင်ငံများ ဆယ်စုနှစ် နှစ်ခုအတွင်း ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ခဲ့ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဖြည့်ဆည်းပံ့ပိုးပေးသည့် အစီအစဉ်ဖြစ်သည်ကို အတည်ပြု

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) News Briefing Room ၌ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပမီဒီယာများမှ သတင်းထောက်များအား ရှင်းလင်း ပြောကြားစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) News Briefing Room ၌ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပမီဒီယာများမှ သတင်းထောက်များအား တွေ့ဆုံရှင်းလင်းပြောကြားသည်။**

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ မိမိတို့နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးမှ နေပြည်တော် ကြေညာချက်ကို မဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များက အတည်ပြု ထုတ်ပြန်ကြေညာပါကြောင်း။

ယနေ့ကျင်းပသည့် ထိပ်သီးအစည်းအဝေးကို ဖွင့်ပွဲအခမ်းအနားဖြင့် စတင်ပြီး မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံ ခေါင်းဆောင်များဖြစ်သော မိမိနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် တိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ ဂျီအမ်အက်စ် ခြောက်နိုင်ငံမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း၊ တစ်ဆက်တည်း ခေါင်းဆောင်ကြီးများအကြား သီးသန့်အစည်းအဝေးကို ကျင်းပခဲ့ပါကြောင်း။

မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ထိပ်သီးအစည်းအဝေးများကို သုံးနှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပခဲ့ရာ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လည်းကောင်း၊ တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ်တွင် လာအိုနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ကာ ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်မှာ **“၂၀၁၂ ခုနှစ်အလွန် မဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး ဆယ်စုနှစ်သစ်ဆီသို့”** ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်ဒေသခွဲနိုင်ငံ ခေါင်းဆောင်များ မဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအတွက် ချမှတ်ခဲ့သော မဟာဗျူဟာမူဘောင် (၂၀၀၂-၂၀၁၂)မှာ ပြီးစီးတော့မည်ဖြစ်ရာ လာမည့်ဆယ်စုနှစ်သစ်အတွက် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် မဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအား လမ်းညွှန်ပေးနိုင်ရန်အတွက် ၂၀၁၂ မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာ မဟာဗျူဟာ မူဘောင်အသစ်တစ်ရပ်ကို နိုင်ငံခေါင်းဆောင်များက အတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ရှေ့လာမည့် ဆယ်စုနှစ်သစ်တွင် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အရင်းအမြစ် စုစည်းရရှိမှုကို မြှင့်တင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ရန်နှင့် မဟာဗျူဟာမူဘောင်သစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးတွင် နိုင်ငံတော်အဆင့်သာမက ဒေသဆိုင်ရာအဆင့်များမှ သက်ဆိုင်သည့် အစိုးရကဏ္ဍတာဝန်ရှိသူများအနေနှင့် ပုဂ္ဂလိကကဏ္ဍ အပါအဝင် သက်ဆိုင်သူများအား ပိုမိုနီးကပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် ဂျီအမ်အက်စ်နိုင်ငံ ခေါင်းဆောင်များအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့ ဂျီအမ်အက်စ် နိုင်ငံခေါင်းဆောင်များသည် ဆယ်စုနှစ်သစ်တွင် မဲခေါင်ဒေသခွဲအနေဖြင့် အောင်မြင်စွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက်သာမက မဲခေါင်ဒေသခွဲ၏ ရှုမြင်ချက်ဖြစ်သော ပေါင်းစည်း၍ ကြွယ်ဝချမ်းသာပြီး ညီညွတ်မျှတသည့် မဲခေါင်ဒေသခွဲ ဖြစ်လာစေရေးအတွက်လည်း ရည်ရွယ်၍ ရေးဆွဲချမှတ်ထားသည့် မဟာဗျူဟာ မူဘောင်အသစ်၏ လမ်းညွှန်မှုဖြင့် မျှဝေတာဝန်ယူဆောင်ရွက်သော မျိုးဆက်သစ် တစ်ခုဆီသို့ ရောက်ရှိရန် အားသွန်ခွန်စိုက် လျှောက်လှမ်းမည့် ဆုံးဖြတ်ချက်နှင့် ဂျီအမ်အက်စ်ပူးပေါင်းဆောင်ရွက်မှုအတွက် ကတိကဝတ်များကို နေပြည်တော် ကြေညာချက်ဖြင့် ထပ်လောင်းအတည်ပြုခဲ့ပါကြောင်း။

မဲခေါင်ဒေသခွဲ၏ ဆက်သွယ်ယှက်နွယ်မှုတွင် ရုပ်ပိုင်းဆိုင်ရာ အခြေခံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ စီးပွားရေးစင်္ကြံလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအပြင် အရေးပါသော စင်္ကြံလမ်းကြောင်းများသို့ ဆက်သွယ်ရောက်ရှိစေမည့်လမ်းများ ပိုမိုများပြားလာစေရေး၊ ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်ရေး၊ ဆော့ဖ်ဝဲအပိုင်းတွင် သယ်ယူပို့ဆောင်မှုနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်နိုင်ရေးတို့တွင် လည်းကောင်း၊ ဒေသတွင်း လျှပ်စစ်ဓာတ်အား ကုန်သွယ်ရေး အစီအစဉ်များ တိုးတက်ကောင်းမွန်ရေး၊ သန့်စင်၍ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များ တိုးမြှင့်အသုံးပြုရေး၊ စွမ်းအင်ထိရောက်စွာနှင့် လုံလောက်စွာအသုံးပြုနိုင်ရေး၊ စွမ်းအင်ကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက ပေါင်းစည်းဆောင်ရွက်ရေးတို့တွင် လည်းကောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများတွင် ယှဉ်ပြိုင်စွမ်းအား ပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် စွမ်းဆောင်ရည်မြင့်မားရေး အစီအစဉ်များနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် လည်းကောင်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် ဂျီအမ်အက်စ်နိုင်ငံများအကြား သတင်းအချက်အလက် အမြန်ဆက်ကြောင်း တည်ဆောက်မှုနှင့် အသုံးချမှု အရှိန်တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာလွှာနှင့် မဲခေါင်ဒေသခွဲ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူဦးရေ ရွှေ့ပြောင်းသွားလာမှုကြောင့် အိတ်ချ်အိုင်ဗွီ ကူးစက်နိုင်မှု လျှော့ချရေးတွင် ပူးတွဲလုပ်ဆောင်ရန် နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် မိမိတို့သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ဆောင်ရွက်မည့် မဲခေါင်ဒေသခွဲအတွင်း ပင်မ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေး စင်္ကြံဆောင်ရွက်မှုအဆင့်-၂ကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ဆောင်ရွက်မည့် ပင်မလယ်ယာစိုက်ပျိုးရေး ထောက်ပံ့မှုအစီအစဉ် အဆင့်-၂ကို လည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် မဟာဗျူဟာကို ပြန်လည်စူးစိုက်ဆောင်ရွက်ရေးနှင့် လမ်းပြမြေပုံ(၂၀၁၁-၂၀၁၅)ကို အတည်ပြုနိုင်ခဲ့ပါကြောင်း။

ယင်းအကြောင်းများကြောင့် မဲခေါင်ဒေသခွဲနိုင်ငံများသည် ဆယ်စုနှစ် နှစ်ခုအတွင်း ပူးပေါင်းဆောင်ရွက်မှုများအပေါ် အောင်မြင်ခဲ့သည်များကို ကျေနပ်ဝမ်းမြောက်စွာ လက်ခံပါကြောင်း၊ ထို့ပြင် မဲခေါင်ဒေသခွဲသာမက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဖြည့်ဆည်းပံ့ပိုးပေးသည့် အစီအစဉ်ဖြစ်သည်ကို အတည်ပြုပါကြောင်း၊ ဒေသခွဲနိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မဲခေါင်ဒေသခွဲ၏ ရှေ့အနာဂတ်မျှော်မှန်းချက်များကို ပိုမိုရှင်သန်ခိုင်မာလာပြီး မိမိတို့၏ မျိုးဆက်သစ်များအတွက်လည်း ယုံကြည်စိတ်ချရသည့် အခြေခံကောင်းများ ရရှိနိုင်သည့်အပြင် ဒေသခွဲ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ခုခံနိုင်မည် ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာနှင့် စွမ်းအင်အကျပ်အတည်းများ အပါအဝင် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်မည်ကို ယုံကြည်ပါကြောင်း၊ သို့မှသာ အနာဂတ်ကာလအတွက် ချမှတ်သော မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသခွဲကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့သည့် ဒေသခွဲမှသည် ချမ်းသာကြွယ်ဝသည့်ဒေသခွဲ ဖြစ်စေနိုင်မည်ဖြစ်သည်ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)



**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ် ရှင်နာဝပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံရုံး သံရုံး ယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates လိုက်ပါလျက် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ထိုင်း နိုင်ငံသံရုံးမှ ကြည်း၊ ရေ၊ လေ စစ်သံမှူး များနှင့် ဇနီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်သည် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံသံရုံး၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ညပိုင်းတွင် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြော

**တောင်ကြီး ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ယာဉ်တိုက်မှုအန္တရာယ် ကျဆင်းရေး အတွက် ဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ကန်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်၌ ပါဝင်ပစ္စည်းများ အသုံးချပုံမှန်ကန်ရေးနှင့် လမ်းအသုံးပြုသူများ သိသင့်သိထိုက်သော အချက်အလက်များကို လည်းကောင်း၊ ဒုရဲအုပ်မြင့်အောင်က ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ပြစ်မှုဆိုင်ရာအကြောင်း များကိုလည်းကောင်း ရှင်းလင်းပြောကြား ကြပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ ကြောင်း သိရှိရသည်။ (ကြေးမုံ)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

## တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းနှင့်အတူ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

**လက်ခံတွေ့ဆုံ**

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)





**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်အား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၃၇၃ ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်) (စနေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ သဘောရေးဖြေပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိလည်းကောင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အာဂုံပြန်ဆိုပွဲသို့ သာသနာ့အာဇာနည်အရှင်မြတ် အပါး၂၂၀ ဝင်ရောက် ပြန်ဆိုတော်မူကြမည်ဖြစ်ပြီး သဘောရေးဖြေပွဲသို့ အပါး ၁၅၀ ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၀

**မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူး လေယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့များအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား မြန်မာနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့်စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (MPS) ဒုတိယဝန်ကြီး Lt. General Associate Pro, Doctor TOLAM နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးကောင်းမြင့်ထွန်း ပါ ၁၈ ဦးတို့က လျှောက်ထားသည့် **မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်ဆိပ်ကမ်းလမ်းပိုင်း၌ ပြေးဆွဲနေသော ရထားများ၏ အချိန်စာရင်းအား ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်(ဆိပ်ကမ်း)လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၃၅)အဆန်၊ အမှတ်(၃၆)အစုန်၊ အမှတ်(၈၉)အဆန်၊ အမှတ်(၉၀)အစုန်၊ အမှတ်(၁၇၁)အဆန်၊ အမှတ် (၁၇၂)အစုန်၊ အမှတ်(၁၇၅)အဆန်၊ အမှတ်(၁၇၆)အစုန်ရထားများ၏ အချိန်စာရင်းကို ဒီဇင်ဘာ ၂၂ ရက်မှစ၍ အောက်ပါအချိန်ဇယားအတိုင်း စတင်ပြောင်းလဲပြေးဆွဲမည်ဖြစ်ပါသည်-

**ရန်ကုန်-မော်လမြိုင် လမ်းပိုင်း အမြန်ရထားအချိန်ဇယား**

| စဉ် | ရထားအမှတ် | ခရီးစဉ် | | စထွက်ချိန် | ပဲခူး | ခရီးဆုံးရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မှ | သို့ | | | | |
| ၁ | ၃၅ အဆန် | ရန်ကုန် | မော်လမြိုင် | ၂၁း၀၀ | ၂၂း၄၇ | ၀၆း၀၀ | |
| ၂ | ၃၆ အစုန် | မော်လမြိုင် | ရန်ကုန် | ၂၀း၀၀ | ၀၃း၁၉ | ၀၅း၁၅ | |
| ၃ | ၈၉ အဆန် | ရန်ကုန် | မော်လမြိုင် | ၀၇း၁၅ | ၀၉း၀၂ | ၁၆း၃၀ | |
| ၄ | ၉၀ အစုန် | မော်လမြိုင် | ရန်ကုန် | ၀၇း၁၅ | ၁၄း၂၉ | ၁၆း၃၀ | |

**မော်လမြိုင်-ရေး လမ်းပိုင်း အမြန်ရထားအချိန်ဇယား**

| စဉ် | ရထားအမှတ် | ခရီးစဉ် | | စထွက်ချိန် | သံဖြူဇရပ် | ခရီးဆုံးရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မှ | သို့ | | | | |
| ၁ | ၁၇၁ အဆန် | မော်လမြိုင် | ရေး | ၀၇း၀၀ | ၀၉း၄၀ | ၁၄း၀၀ | |
| ၂ | ၁၇၂ အစုန် | ရေး | မော်လမြိုင် | ၀၆း၃၀ | ၁၀း၅၈ | ၁၃း၄၅ | |

**ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်(ဆိပ်ကမ်း) လမ်းပိုင်း အမြန်ရထားအချိန်ဇယား**

| စဉ် | ရထားအမှတ် | ခရီးစဉ် | | စထွက်ချိန် | မော်လမြိုင် | ခရီးဆုံးရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မှ | သို့ | | | | |
| ၁ | ၁၇၅ အဆန် | ရန်ကုန် | ထားဝယ် (ဆိပ်ကမ်း) | ၁၉း၃၀ | ၀၅း၀၀ | ၂၀း၃၀ | |
| ၂ | ၁၇၆ အစုန် | ထားဝယ် (ဆိပ်ကမ်း) | ရန်ကုန် | ၀၆း၀၀ | ၂၀း၅၀ | ၀၇း၃၀ | |

**မြန်မာ့မီးရထား**

# လျှပ်စစ်ဓာတ်အားခများ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြောင်းလဲကောက်ခံသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြောင်းလဲကောက်ခံသွားမည့် ဓာတ်အားခနှုန်းထားမှာ အစိုးရဌာနများအတွက် ရုံးသုံး၊ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံးလမ်းမီးတို့ကို တစ်ယူနစ်လျှင် ငွေ ၃၅ ကျပ်၊ အများပြည်သူအတွက် အိမ်သုံး၊ အိမ်သုံးပါဝါ၊ လမ်းမီးတို့ကို တစ်ယူနစ်လျှင် ငွေ ၃၅ ကျပ်ဖြင့် လည်းကောင်း၊ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲတည်း၊ စီးပွားရေးလုပ်ငန်းသုံးနှင့် ယာယီသုံးတို့ကို တစ်ယူနစ်လျှင် ငွေ ၇၅ ကျပ်ဖြင့် လည်းကောင်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၈ ဒေါ်လာဖြင့် ကောက်ခံလျက်ရှိသော လျှပ်စစ်ဓာတ်အားခများကို ၀ ဒသမ ၁၂ ဒေါ်လာဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

**ယနေ့ နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကသာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။



# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ ခရီးလှည့်လည်စဉ် ကွယ်လွန်

## နိုင်ငံတကာသတင်း

**ဆိုးလ် ဒီဇင်ဘာ ၂၀**

မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံဦးသျှောင် ကင်ဂျုံအီသည် မီးရထားဖြင့် ခရီးလှည့်လည်နေစဉ် နှလုံးဝေဒနာဖောက်ပြန်မှုကြောင့် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနများက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၆၉)နှစ်အရွယ်ရှိ ကင်ဂျုံအီသည် လုပ်ငန်းဆိုင်ရာ ကွင်းဆင်းလမ်းညွှန်မှုများပေးရန် နိုင်ငံတစ်ဝန်းရှိ စက်ရုံအလုပ်ရုံများ၊ လယ်ယာလုပ်ငန်းခွင်များနှင့် စစ်ဘက်ဆိုင်ရာအခြေစိုက်စခန်းများသို့ ခရီးလှည့်လည်စဉ် ဒီဇင်ဘာ ၁၈ ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ကေစီအင်န်အေသတင်းဌာနက ဖော်ပြခဲ့သည်။

ကင်ဂျုံအီကွယ်လွန်ပြီးနောက် မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်သစ်အဖြစ် ၎င်း၏ အငယ်ဆုံးသား ကင်ဂျုံအန်ကို ကေစီအင်န်အေ သတင်းဌာနက ညွှန်းဆိုဖော်ပြခဲ့သည်။ အသက်(၂၀)မျှ ရှိပြီဟုယုံကြည်ယူဆရပြီး ၂၀၁၀ ခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အဆင့်မြင့်ရာထူးများတွင် ခန့်အပ်ခြင်းခံခဲ့ရသော ကင်ဂျုံအန်၏ ဘဝအတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ လူသိနည်းသေးသည်။ ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီသည် ၁၉၉၄ ခုနှစ်မှစ၍ မြောက်ကိုရီးယားနိုင်ငံကို ဦးဆောင်မှုပေးခဲ့သူဖြစ်သည်။ မြောက်ကိုရီယားခေါင်းဆောင် ကင်ဂျုံအီ၏ ဈာပနအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်တွင် နိုင်ငံတော်အဆင့် ပြုလုပ်မည်ဖြစ်သည်။ **ရိုက်တာ။**



**မြောက်ကိုရီးယား နိုင်ငံဦးသျှောင် ကင်ဂျုံအီ။**

# MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ “အကစားရုပ်သိမ်းကြစို့” တရားတော် (ဆရာတော်ဦးသုကဝိ)
၆း၂၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၆၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၅)**
၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၇)
၈း၅၅ ကူမဲ အထက နှစ် (၁၀၀) ပြည့် အာစရိယပူဇော်ပွဲ
၉း၂၅ Activities in The City
၉း၄၅ ရွှေရတုနွဲ့ပျော်ယခင် YMBA အလက ယခု အထက(၃) ဗဟန်းမြတ်ဆရာပူဇော်ပွဲ
၁၀း၀၀ Enterprise India Show 2011 နှင့် Yangon Tractor လယ်ယာသုံးစက်ကိရိယာ
၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၀၀ Activities in The City
၁၁း၂၀ ဒီပါဝလီနေ့ဂုဏ်ပြုဖျော်ဖြေပွဲ
၁၁း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (ဇာတ်သိမ်းပိုင်း)**
၁၂း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ချိန်း”
၁း၀၀ “အကစားရုပ်သိမ်းကြစို့” တရားတော် (ဆရာတော်ဦးသုကဝိ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၄၅ ကျိုက်လတ်မြို့နှင့်အမျိုးသားနေ့
၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၆၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၅)**
၄း၅၀ သီချင်းကောင်းကောင်း၊သီချင်းတောင်း
၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (ဇာတ်သိမ်းပိုင်း)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ မလေးရှားနိုင်ငံမှ စမုံညှင်းစေတီတော်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၆၃)**
၇း၃၀ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ ရယ်စရာဖေးရှင်း (အတုကြီးပါဗျို့)
၈း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၉း၀၀ Celebrity Style
၉း၂၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၈)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၆)**
၁၀း၂၀ Aikido ကစားနည်း (အပိုင်း-၂)
၁၀း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁)**
၁၁း၁၀ သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာ တိုင်းရင်းဆေးပညာ
၁၁း၂၅ World of Knowledge
၁၂း၁၅ တောင်တန်းပေါ်က စိန်တလုံး
၁၂း၂၅ ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်) (အပိုင်း-၂)
၁၂း၅၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁း၀၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏အလွဲများ)
၁း၂၅ လက်ဝယ်ရှိသော
၁း၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁း၅၅ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ (ကောင်းခန့်၊ ဟေမာန်အောင်အောင်)
၂း၀၀ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၂း၁၀ Barclays Premier League Wolves Vs Norwich City
၄း၁၀ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၄း၂၅ အလှဆင်စရာပရိဘောဂကမ္ဘာ
၄း၄၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၄း၅၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၅း၀၀ အစီအစဉ်ပြီး။

# နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဗဟိုအစိုးရအချင်းချင်းသာမက နယ်စပ်ဒေသ ပြည်နယ်အစိုးရအချင်းချင်းပါ ပူးပေါင်းဆောင်ရွက်ရေး အားပေးရန်လို

## ဂျီအမ်အက်စ်နိုင်ငံများအကြား ရထားလမ်းအဆက်အသွယ် ပိုမိုတိုးတက်ကောင်းမွန်ခြင်းဖြင့် အာဆီယံနိုင်ငံများအကြား တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စင်ကာပူ-ကူမင်းရထားလမ်းစီမံကိန်းကိုလည်း ဖြည့်ဆည်းရာရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီး သီးသန့်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Summit Room ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့ တက်ရောက်ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင်အသစ် အပါအဝင် ပြီးခဲ့သည့် ကာလအတွင်း ဖြစ်ပေါ်တိုးတက် အောင်မြင်မှုများကို ဂျီအမ်အက်စ်နိုင်ငံ ခေါင်းဆောင်များထံသို့ အစီရင်ခံတင်ပြသည်။

ယင်းနောက် အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့်" **မဲခေါင်**

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီး သီးသန့်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဂျီအမ်အက်စ်ခေါင်းဆောင်များ၏ရှေ့မှောက်တွင် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ကျင်းပသည့် ဂျီအမ်အက်စ်ခေါင်းဆောင်များ၏ ရှေ့မှောက်တွင် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)